# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

June 19, 2020 Volume 32, Number 15


**၁၉.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၇၂၉ -US$ |
| မြန်မာ့ရွှေစျေး | = ၁၂၁၇၀၀၀ |
| ဒေါ်လာစျေး | = ၁၃၉၉/- ကျပ် |
| CBM Rate | = ၁၃၉၇.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၄.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၉.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၆၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၆.၆၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၀၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးရန် အစိုးရက ကျပ် ဘီလီယံ ၉၀ ကျော်သုံးမည်





COVID 19 ကြောင့် ထိခိုက်ခဲ့သော မြန်မာ့စီးပွားရေးကို ပြန်လည်ကုစားနိုင်ရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၌ အစိုးရက ကျပ် ၉၀ ဒသမ ၆၁ ဘီလီယံအထိ အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။ ယနေ့ပြုလုပ်သည့် COVID 19 နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အပေါ်သက်ရောက်မှုများစပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးရဲမင်းအောင်နှင့် ဧရာဝတီတိုင်းမှ ထူးချွန်ဆုရ တောင်သူတဦးဖြစ်သည့် ဒေါ်ကျင်ဆိုင်တို့ အပြန်အလှန်ဆွေးနွေးသည့် အွန်လိုင်းစကားဝိုင်း၌ ဝန်ကြီးဒေါက်တာ အောင်သူကယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

COVID 19 ကြောင့် ကုန်စည်စီးဆင်းမှုနှေးကွေးသွားခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ စျေးကွက်ထိခိုက်မှု၊ ရောင်းလိုအားနှင့်ဝယ်လိုအားမမျှတခြင်း၊ ပြည်ပပို့ကုန်လမ်းကြောင်းများ ရပ်ဆိုင်းသွားခြင်း၊ ပြည်ပတင်ပို့မှု တုံ့ဆိုင်းသွားခြင်း၊ သိုလှောင်ထိန်းသိမ်းနိုင်မှု အခြေခံအဆောက်အအုံများ မပြည့်စုံခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးတွင် တဖက်နိုင်ငံ၏ မူဝါဒအပြောင်းအလဲနှင့် တင်းကျပ်စစ်ဆေးမှုများကြောင့် လယ်ယာစိုက်ပျိုးကဏ္ဍတွင် အခက်အခဲများစွာကြုံတွေ့ခဲ့ရကြောင်း ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူကဆိုသည်။ ထို့အတွက် ချင်းပြည်နယ်မှအပ တိုင်းနှင့်ပြည်နယ် ၁၄ခုရှိ ၂၈၇ မြို့နယ်၌ ကျပ် ၁၄ ဒသမ ၉၁ ဘီလီယံသုံး၍ ကန်ထရိုက်အကျိုးတူလယ်ယာစနစ်ဖြင့် စပါးမျိုးစေ့ ထုတ်လုပ်ရေးဧက ၁သိန်း အကောင်အထည်ဖော်ရန်၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းအတွက် ကျပ် ၄၂ ဘီလီယံ သုံးစွဲရန်၊ တိုင်းနှင့်ပြည်နယ် ၁၁ ခုတွင် လုပ်ဆောင်မည့် လယ်ယာသုံးစက်ကရိယာ ဖြန့်ဖြူးရေး အစီအစဉ်တွင် ကျပ် ၁ ဒသမ ၂၅၇ ဘီလီယံ သုံးရန်၊ ငါးမွေးမြူရေးလုပ်ငန်း၌ မျိုးငါးနှင့် ငါးသားပေါက်များ ဖြန့်ဖြူးထောက်ပံ့ရေး ကျပ် ၆ ဘီလီယံခန့်သုံးရန်ရှိကြောင်းသိရသည်။ “ကိုဗစ်အလွန်ကာလမှာ စျေးကွက်ချိတ်ဆက်ရေး၊ ကန်ထရိုက်လယ်ယာစနစ်အကောင်အထည်ဖော်ရေးနဲ့ အရည်အသွေးစစ်ဆေးတဲ့ ဓာတ်ခွဲခန်းတွေမပြည့်စုံတဲ့

အချက်တွေကို အဆင့်မြှင့်တင်သွားဖို့လည်း ကမ္ဘာ့ဘဏ်ရဲ့အကူအညီနဲ့ ဆောင်ရွက်နေပြီဖြစ်ပါတယ်” ဟု ဒေါက်တာအောင်သူက ပြောသည်။ ထို့အပြင် လူဦးရေ ၆ သိန်းအထိ ဝင်ငွေရစေမည့် ကျေးရွာအခြေခံအဆောက်အအုံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖော်ဆောင်ရေးအတွက် ကျပ် ၂၅ ဘီလီယံသုံးစွဲရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များ (လူသုံးကုန်၊ စားသောက်ကုန်လုပ်ငန်း အပါ အဝင် အသေးစားလုပ်ငန်းများ) ထုတ်လုပ်မည့် သင်တန်းပေးခြင်းနှင့် ကမ်းရိုးတန်းဒေသများရှိ ရေလုပ်သားများ ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းသင်တန်းများအပြင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သင်တန်းများအတွက်လည်း ကျပ် ၁ ဘီလီယံ နီးပါးအထိ သုံးရန်ရှိကြောင်းသိရသည်။ ယင်းအစီအစဉ်များကို လက်ရှိအကောင်အထည်ဖော်နေပြီး စက်တင်ဘာတွင် အပြီးသတ်မည်ဟု ဝန်ကြီးဒေါက်တာအောင်သူကပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က “တောင်သူလယ်သမားတွေအတွက် အရမ်းအရေးကြီးတဲ့ လယ်မြေမှာ ရာသီသီးနှံပြောင်းလဲစိုက်ခွင့်နဲ့ မွေးမြူရေးလုပ်ငန်းတွေလုပ်ကိုင်ခွင့်ကို ပြင်ဆင်ရေးဆွဲထားတဲ့ လယ်ယာမြေ ဥပဒေအရ ခွင့်ပြုပေးထားပေမဲ့ ဒါကိုလက်တွေ့မှာ ထိထိရောက်ရောက်လုပ်နိုင်ဖို့ ဝန်ကြီးဌာနကဆောင်ရွက်ပေးဖို့လိုပါတယ်” ဟုဆိုသည်။ လက်ရှိစိုက်ပျိုးရေးကဏ္ဍ၏ အဓိကစိန်ခေါ်မှုတခုဖြစ်သော အခြောက်ခံစက်များ၊ သိုလှောင်ရုံစနစ်များကို အမြန်ဆုံးအကောင်အထည်ဖော်ရန်လိုအပ်သလို သိုလှောင်ရုံများတွင် ကုန်ပစ္စည်းအပ်နှံထားသော ကုန်အပ်လက်မှတ်ကိုအခြေခံပြီး ဘဏ်ချေးငွေလျှောက်ထားနိုင်အောင် လုပ်ဆောင်ပေးသင့်ကြောင်း၊ ပြည်တွင်း၌လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော နိုင်ငံခြားဘဏ်များထံမှလည်း လယ်ယာစိုက်ပျိုးကဏ္ဍအတွက် ချေးငွေများရရှိနိုင်အောင် ဆောင်ရွက်ပေးသင့်ကြောင်းလည်း သူက ထောက်ပြပြောဆိုသည်။ ယမန်နေ့ ဇွန် ၁၇ရက်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရာတွင် COVID 19 အလွန်နှင့် ယခုကာလတွင် နိုင်ငံ့ စီးပွားရေးအခွင့်အလမ်းအနေဖြင့် ခေတ်မီစိုက်ပျိုးရေးစနစ်ဖြင့်တိုးတက်စေရန် လုပ်ဆောင်သင့်ကြောင်းပြောဆိုခဲ့သည်။ ထို့အပြင် ဝန်ကြီးဦးသောင်းထွန်းက အမျိုးသားစီးပွားရေးစနစ်ထူထောင်ရာတွင် ကဏ္ဍစုံဘက်စုံမှ တိုးတက်အောင်လုပ်ဆောင်ရန် အရေးကြီးသည့်အပြင် ယခုလိုကပ်ရောဂါ ကြုံတွေ့နေရသည့် အခြေအနေတွင် နိုင်ငံ့ ရိက္ခာဖူလုံရေး အပြင်၊ ပို့ကုန်အဖြစ်တင်ပို့နိုင်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်ဟု အတိုင်ပင်ခံထံသို့ တင်ပြခဲ့သည်။

ကိုဗစ်အလွန်ကာလတွင် နိုင်ငံတကာဈေးကွက်၌ လိုအပ်လာမည့် ထုတ်ကုန်များနှင့် မိမိနိုင်ငံတွင်ထုတ်လုပ်မှု Potential အရှိဆုံးကဏ္ဍများကို ဦးစားပေးရွေးချယ်လုပ်ဆောင်သင့်ကြောင်း၊ လက်ရှိဝန်ကြီးဌာနက ဦးစားပေးလုပ်ဆောင်နေသော စိုက်ပျိုးထုတ်ကုန်များသည် ဈေးကွက်တည်ငြိမ်မှု မည်မျှရှိသည်ကိုလည်း စဉ်းစားသုံးသပ်သင့်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က ဧရာဝတီသို့ပြောဆိုသည်။ ၎င်းက “သူတို့က စိုက်ပျိုးရေးမှာ ဆန်စပါးတခုတည်းသွားလို့ မရတော့ဘူး သိလာပြီ၊ တခြားပဲတို့ ဘာတို့ကိုလုပ်ဖို့ စဉ်စားမိလာပြီ၊ ဒါပေမယ့် ဥပမာ၊ ပဲဆိုရင် ဈေးကွက်ဘယ်လောက်တည်ငြိမ်မှုရှိလဲ ဒီလောက်ပြဿနာခဏခဏဖြစ်နေတာ၊ မွေးမြူရေးမှာဆိုရင်လည်း ကြက်တို့ဘဲတို့ကို နိုင်ငံတကာ ဈေးကွက်ကို ယှဉ်ပြိုင်လို့ရတဲ့အနေအထားလား၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်တွေနဲ့ကိုက်ညီပြီး တကယ့်ပမာဏများများနဲ့ သွားနေတာက ဘယ်ကဏ္ဍလည်းဆိုတာ အစိုးရတာဝန်ရှိသူတွေ စဉ်းစားသင့်တယ်”ဟု ထောက်ပြပြောဆိုသည်။

**Source:** https://burma.irrawaddy.com/news/2020/06/18/224895.html

## ငါး၊ ပုစွန်မွေးမြူနေသည့်မြေများ တရားဝင်ဖြစ်စေရေး ရန်ကုန်တိုင်းအစိုးရနှင့်ဆွေးနွေး

ငါး ၊ ပုစွန်မွေးမြူနေသည့် မြေဧကများတရားဝင်ဖြစ်စေရေး (လယ်ယာမြေမှ အခြားနည်းအသုံးပြုခွင့်ရရှိရေး) အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ ဇွန်လ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီး ဦးဟန်ထွန်း၊ စီမံဘဏ္ဍာဝန်ကြီး ဦးရဲမင်းဦးနှင့် လယ်ယာသားငါးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများ၊ စိုက်ပျိုးရေး မွေးမြူရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ငါး၊ ပုစွန်မွေးမြူရေးတွင်ကြုံတွေ့နေရသော မြေယာအခက်အခဲကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ “မနေ့က ဆွေးနွေးပွဲကတော့ မွေးမြူရေးလုပ်ငန်းအတွက် အပေါင်းလက္ခဏာဆောင်တယ်။

ဘာကြောင့်လဲဆိုတော့ အစိုးရအဆက်ဆက်မဖြေရှင်းနိုင်ခဲ့တဲ့ လယ်ယာမြေအခြားနည်းသုံးခွင့်ရရှိရေးမှာ ဖြေရှင်းမယ့် အခြေအနေကောင်းတစ်ခု ထွက်ပေါ်လာတယ်" ဟု ဦးဝင်းကြိုင်ကပြောသည်။ ထို့ပြင် အစိုးရ၏ COVID– 19 ပြန်လည်ထူထောင်ရေးအတွက် စီးပွားရေးလုပ်ငန်းများသို့ ချေးငွေချပေးမည့်အစီအစဉ်တွင် မွေးမြူရေးကဏ္ဍပါဝင်လာတော့မည်ဟု ၎င်းကဆိုသည်။ "ဆွေးနွေးပွဲမှာ စီမံဘဏ္ဍာဝန်ကြီးပြောသွားတယ်။ ရှေ့တစ်သုတ်ချေးငွေ ဘီလီယံ ၁၀၀ ကုန်တော့မယ်။ နောက်ကျပ်ဘီလီယံ ၂၀၀ ထပ်ပေးမယ့်အစီအစဉ်မှာ မွေးမြူရေးလုပ်ငန်းတွေ အများစုပါလာလိမ့်မယ်လို့ အသိပေးခဲ့တယ်" ဟု ဦးဝင်းကြိုင်ကပြောသည်။

အစိုးရက လက်ရှိ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းတွင် ကျန်ရှိနေသော လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် မရရှိသေးသော မွေးမြူရေးကေများအတွက် သင့်တင့်သောနှုန်းထားတစ်ရပ် ပေးဆောင်ရမည်ဟု ကနဦးသိရှိထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကဆိုသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငါး၊ ပုစွန်မွေးမြူရေး ကေဧကသိန်းခန့်တွင် ၃၇၀,၀၀၀ မှာ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်မရရှိသေးဘဲ ငါးမွေးမြူရေး လိုင်စင်ဖြင့်ဆောင်ရွက်နေဆဲဖြစ်သည်။ ငါး၊ ပုစွန်မွေးမြူရေး ကေပေါင်း ရှစ်သောင်းကျော်ရှိနေသည့် ရန်ကုန်တိုင်းတွင်လည်း ကေလေးသောင်းခန့်မှာ တရားဝင်မြေကေမရသေးဘဲ မွေးမြူရေးလုပ်ငန်းလိုင်စင်များဖြင့်သာရှိနေသေးကြောင်း ဦးဝင်းကြိုင်ကဆိုသည်။

**Source:** https://7day.news/detail?id=189400

## အသေးစား ၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဈေးကွက်ထိုးဖောက်မှုပုံစံပြောင်းလာ



COVID 19 ကာလအတွင်း အသေးစား ၊ အငယ်စားနှင့်အလတ်စား (MSMEs)လုပ်ငန်းများ ဈေးကွက်ထိုးဖောက်မှုပုံစံပြောင်းလဲလာကြောင်း အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များအသင်း MSMEs (ရန်ကုန်)မှ သိရသည်။ "အခုကိုဗစ်ကာလမှာ ပုံစံလေးတွေ နည်းနည်းပြောင်းပြီး လုပ်လာတယ်။ အွန်လိုင်းကို အားကိုးလာတာရှိတယ်။ ဒါပေမယ့် မျှော်လင့်သလောက်တော့မကောင်းပါဘူး။ စက်ရုံကြီးတွေကိုပေးရတဲ့ရာခိုင်နှုန်းကလည်း များတယ်။ သူတို့ရဲ့အခြေခံအဆောက်အအုံတွေထဲကို ထည့်ပေးလိုက်သလိုဖြစ်နေတယ်။ အဲဒါထက်စာရင် ရပ်ကွက်ထဲက ကိုယ်စားလှယ်က ယူရောင်းတယ်ဆိုရင် သူတို့ကို ပေးရတဲ့ရာခိုင်နှုန်းကပိုပြီးတော့ အဆင်ပြေတယ်။ သူတို့လည်း အလုပ်ရတယ်။ လက်လီပုံစံမဟုတ်ဘဲနဲ့ လက်ကားပုံစံမျိုးနဲ့ဖြန့်တယ်။ ရောင်းနိုင်သမျှရာခိုင်နှုန်းနဲ့ ရပ်ကွက်ထဲကိုပေးတဲ့ပုံစံကိုပြောင်းသွားတယ်" ဟု အငယ်စား၊ အသေးစား ၊အလတ်စားလုပ်ငန်းရှင်များအသင်း (ရန်ကုန်) အတွင်းရေးမှူး ဦးမင်းသူကမြန်မာတိုင်းမ်သို့ပြောသည်။

ယခုအချိန်တွင် မိမိကုန်ပစ္စည်းနာမည်ကြီးရန်နှင့် မီဒီယာစာမျက်နှာများတွင်ပါရှိရေးထက် မည်သည့်နေရာတွင် ပိုမိုအဆင်ပြေမည်ကိုစောင့်ကြည့်နေရကြောင်း၊ အွန်လိုင်း၌အဆင်ပြေပါက အွန်လိုင်း၌ထိုးဖောက်မည်ဖြစ်ပြီး အွန်လိုင်း၌အဆင်မပြေပါက ရပ်ကွက်ထဲသို့ဖြန့်မည်ဖြစ်ကြောင်း ဦးမင်းသူကပြောသည်။ "အဓိကအနေနဲ့ ဈေးကွက်ထဲပစ္စည်းတွေရောက်နေဖို့လိုတယ်။ ဘယ်ဈေးကွက်ရယ်လို့မဟုတ်ဘူး။ အဓိက စားသုံးသူနဲ့နီးတဲ့နေရာကို ရနိုင်သမျှရောက်အောင်ပို့နိုင်သမျှပို့တယ်။ မပို့နိုင်ရင် ကိုယ်စားလှယ်ပေးလိုက်တယ်။ ဒီကာလမှာရပ်တည်နိုင်ဖို့ကြိုးစားနေရတယ်။ မပြောင်းလို့မရတဲ့အခြေအနေမှာပြောင်းလဲရတာပါ" ဟု ဦးမင်းသူကပြောသည်။

လက်ရှိကိုဗစ်ကာလအတွင်း လုပ်ငန်းများအနေဖြင့် မည်မျှတောင့်ခံနိုင်မည်ကို ခန့်မှန်းမရနိုင်ကြောင်း ယင်းသို့ဈေးကွက်ထိုးဖောက်မှုပုံစံပြောင်းလဲခဲ့သော်လည်း စီးပွားရေးအရ မြန်မြန်ဆန်ဆန်တိုးတက်လာခြင်းမျိုး မဟုတ်ကြောင်း ၎င်းကပြောသည်။ "လုပ်ငန်းတွေကတော့ ပြန်စနေပြီ။ ကျွန်တော်တို့က လုပ်ငန်းအသေးလေးတွေဆိုတော့ အကြောင်း ကြားတာတို့ စစ်ဆေးတာတို့ လုပ်စရာမလိုဘူး။ စက်ရုံတွေက ပြန်ဆက်သွယ်တယ်။ ချေးငွေက တကယ့်အသေးစားလုပ်ငန်းလေးကတော့မရဘူး။ ကျွန်တော်တို့ကလည်း လျှောက်ချင်တဲ့ဆန္ဒမရှိဘူး။ လုပ်ငန်းနည်းနည်းကြီးတာတွေတော့ရတယ်"ဟု ၎င်းကပြောသည်။ လက်ရှိတွင် COVID 19 ကန ဦးမတည်ရင်းနှီးငွေ ကျပ်ဘီလျံ ၁၀၀ မှ COVID 19 ကြောင့် အထိခိုက် ဆုံးလုပ်ငန်းများဖြစ်သော

CMP၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ၁ နှစ်သက်တမ်းထုတ်ချေးပေးနေပြီး လက်ရှိတွင် ၆ ကြိမ်မြောက် ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက COVID – 19 ကာကွယ်ထိန်းချုပ်ရေးနှင့် စီးပွားရေးသက်ရောက်မှုကုစားရန် ရန်ပုံငွေကျပ်ဘီလျံ ၁၇၀၀ ကျော် ထပ်တိုးလျာထားကြောင်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ငွေကြေးသုံးသပ်ချက် အစီရင်ခံစာကို မေ ၁၈ ရက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းစဉ်ပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140436.html

## သုံးနှစ်ကာလတူအတွင်း ကြက်သွန်နီ၊ သကြားဈေးနှုန်းအနိမ့်ဆုံးဖြစ်နေ




ရန်ကုန် ဈေးကွက်အတွင်း ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ သကြားဈေးနှုန်းများ ဈေးနှုန်းအနိမ့်တွင် ဆက်လက်ရှိနေပြီးစားအုန်းဆီ ဈေးနှုန်းမှာမူ အနည်းငယ်မြင့်လာသည်။ ပြည်ပပို့ကုန် မတ်ပဲ၊ ပဲစင်းငုံဈေးနှုန်းများမှာ အတက်အကျဈေးနှုန်းအနည်းငယ်ဖြင့် နေ့စဉ်ပြောင်းလဲနေဆဲရှိသည်။ ရန်ကုန်အာလူးဈေးကွက်တွင် တရုတ်အာလူးများဝင်ရောက်မှုများပြားသော်လည်း ဈေးနှုန်းပြန်လည်ကျဆင်းလာသည်။

ရှမ်းအာလူးထက် အာလူးအရောင်အဆင်း ပိုတောက်ပပြီး ဈေးကွက်တွင် လူကြိုက်များလာသည်။ ဇွန် ၆ ရက်တွင် တရုတ်အာလူး လက်ကားတစ်ပိဿာ ကျပ် ၇၃၀၊ ဇွန် ၈ ရက်တွင် ကျပ် ၇၅၀၊ ဇွန် ၉ ရက်တွင် ကျပ် ၇၀၀၊ ဇွန် ၁၀ ရက်တွင်မူ ကျပ် ၆၅၀ နှုန်းသာဈေးနှုန်းရှိသည်။ ညံ့လျှင် ကျပ် ၆၀၀ နှုန်းအထိဈေးနှုန်းကျနေသည်။ ရှမ်းအာလူးများမှာမူ လက်ကားတစ်ပိဿာ ကျပ် ၄၇၀ မှ ၆၀၀ နှုန်းသာရှိသည်။ အချို့ရှမ်းအာလူးများမှာမူ အိုကေအရွယ်အစား လက်ကားတစ်ပိဿာ ကျပ် ၆၀၀ ကို ကျပ် ၆၃၀ ဖြင့် ရောင်းချသကဲ့သို့ ကျပ် ၅၅၀နှုန်းဖြင့်လည်း ရောင်းချကြသည်။

သို့ဖြစ်ရာ ရန်ကုန်အာလူးဈေးကွက်တွင် အာလူးဝယ်ယူသူများအာလူးအရည်အသွေးကြည့်၍ ရွေးချယ်ဝယ်ယူ နေရသည်။ ဇွန် ၁၀ ရက်တွင် ရှမ်းကြက်သွန်ဖြူ (အောင်ပန်း) လက်ကားတစ်ပိဿာ ကျပ် ၁၅၅၀ မှ ၂၂၀၀ ကြား၊ ကြူကုတ်ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ (အသစ်) ကျပ် ၁၂၅၀ မှ ၁၃၀၀ နှုန်းသာရှိနေသည်။ ဧရာ်ဈေးနှုန်းများမှာ ဈေးနှုန်းအနိမ့်တွင်ရှိနေသည်။ ကျောက်ဆည်၊ သဲတောမိုးထောင်အသစ်များသည် ဇွန် ၁၀ ရက်တွင် ရန်ကုန်ဈေးကွက်သို့ လက်ကား တစ်ပိဿာကျပ် ၃၁၀၀ ဝန်းကျင်ဖြင့် ဝင်ရောက်မှုရှိလာသည်။ ဈေးကွက်အတွင်း ဈေးနှုန်းလှုပ်ခတ်မှုများခဲ့သော ကြက်သွန်နီဈေးနှုန်းများသည် ရန်ကုန်ဈေးကွက်သာမက နယ်ဈေးကွက်များတွင်သာ ပုံမှန်ဈေးနှုန်းအနိမ့်ဖြင့် ရောင်းချနေရဆဲရှိသည်။ ရန်ကုန်ဈေးကွက်တွင် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေသော လတ်သန့်အရွယ်အစားသည် လက်ကားတစ်ပိဿာ ၅၇၅ ကျပ်နှုန်းယခင်ရက်များတွင်ရှိခဲ့သော်လည်း ဇွန်လဒုတိယပတ်အတွင်း ၅၂၅ ကျပ်ဝန်းကျင်သာရှိသည်။

ဇွန် ၁၀ ရက်တွင် ဆိပ်ဖြူကြက်သွန်နီလက်ကားတစ်ပိဿာ ကျပ် ၄၅၀ မှ ၅၂၅ ကျပ်ကြား၊မြစ်သား တစ်ပိဿာလျှင် ကျပ် ၆၅၀ မှ ၈၀၀ နှုန်းကြားသာ ရန်ကုန်ဈေးကွက်တွင် ပေါက်ဈေးရှိသည်။ ကာလတူဖြစ်သော၂၀၁၉ ခုနှစ်၊ ဇွန် ၁၀ ရက်တွင်မူ ဆိပ်ဖြူလက်ကားတစ်ပိဿာ ကျပ် ၅၅၀ မှ ၇၅၀ ကြား၊ မုံရွာကြက်သွန် ကျပ် ၆၀၀ မှ ၈၅၀၊ပခုက္ကူ ကြက်သွန်မှာ ကျပ် ၆၀၀ မှ ၈၅၀ နှုန်းရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇွန် ၁၁ ရက်တွင်မူ ဆိပ်ဖြူ လက်ကား တစ်ပိဿာ ၅၂၅ကျပ်မှ ကျပ် ၆၀၀၊ မုံရွာကြက်သွန်မှာ ၅၂၅ ကျပ်မှ ကျပ် ၆၀၀၊ ရွှေဘိုကြက်သွန်မှာ ကျပ် ၆၀၀ မှ ၆၅၀ နှုန်းရှိခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရသိရသည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၀ ရက် ရန်ကုန်ကြက်သွန်နီဈေးနှုန်းသည် ၂၀၁၈ မှ ၂၀၂၀ အထိ သုံးနှစ်တာကာလတူတွင် ဈေးနှုန်း အနိမ့်ဆုံးဖြစ်နေသည်ဟုသိရသည်။ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၀ ရက် သကြား လက်ကားတစ်ပိဿာ ကျပ် ၈၆၀၊ ညောင်ဦးဆေးခတ်ထန်းလျက်တစ်ပိဿာ ကျပ် ၁၆၅၀-၁၇၀၀၊ မလိုင် ကျပ် ၁၄၀၀၊ ပခုက္ကူ ထန်းကြမ်း ကျပ် ၁၆၅၀၊ ရေစကြိုဝမ်းဖြူကျပ် ၁၈၀၀ နှုန်းရှိသည်။ ကာလတူဖြစ်သော ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင်မူ သကြားတစ်ပိဿာ ကျပ် ၁၀၄၀၊ ညောင်ဦးဆေးခတ်ထန်းလျက်

ကျပ် ၁၄၅၀၊ မလိုင်ထန်း ၁၃၇၅ ကျပ်၊ ပခုက္ကူထန်းကြမ်း ကျပ် ၁၅၀၀၊ ရေစကြိုဝမ်းဖြူထန်းကျပ် ၁၇၅၀ နှုန်းရှိသည်။

၂၀၁၈ ခုနှစ်ကာလတူ ဇွန်၁၁ ရက်တွင် သကြားတစ်ပိဿာ လက်ကားဈေး ၁၁၆၅ ကျပ်၊ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ကျပ် ၁၃၅၀-၁၄၀၀၊ မလိုင်ထန်း ၁၄၂၅ ကျပ်၊ ပခုက္ကူ ထန်းကြမ်း ကျပ် ၁၁၅၀၊ ရေစကြိုဝမ်းဖြူ ကျပ် ၁၅၀၀ နှုန်းရှိခဲ့သည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၀ ရက် သကြားဈေးနှုန်းသည် သုံးနှစ်တာကာလတူတွင် ဈေးနှုန်းအနိမ့်ဆုံးဖြစ်နေသော်လည်း ညောင်ဦးဆေးခတ် ထန်းလျက်ဈေးနှုန်းမှာမူ ၎င်းင်းကာလတူသုံးနှစ်တွင် ၂၀၂၀ ပြည့်နှစ် ဇွန် ၁၀ ရက်ဈေးနှုန်းသည် အမြင့်ဆုံးဖြစ်နေသည်။ ၂၀၁၈ ခုနှစ် ဇွန် ၁၁ ရက်တွင် ပွင့်ကပ်မန်ကျည်း လက်ကားတစ်ပိဿာ ကျပ် ၁၀၀၀၊ အသားကျပ် ၁၄၀၀-၁၇၀၀၊ ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင် ပွင့်ကပ်မန်ကျည်း ကျပ် ၁၁၅၀၊ အသား ကျပ် ၁၅၀၀-၁၉၀၀ နှုန်းအသီးသီးရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်ဇွန် ၁၀ ရက်တွင် ပွင့်ကပ်မန်ကျည်း လက်ကား တစ်ပိဿာ ကျပ် ၂၀၀၀၊ အသားတစ်ပိဿာ ကျပ် ၂၅၀၀-၃၀၀၀ နှုန်းရှိနေသည်။

သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၀ ရက် မန်ကျည်းဈေးနှုန်းသည် ကာလတူ၂၀၁၈ မှ ၂၀၂၀ အတွင်း ဈေးနှုန်းအမြင့်ဆုံးဖြစ်နေသည်။စားအုန်းဆီပြည်ပ FOB တစ်တန်ဈေးနှုန်းမှာ ဇွန်၁၀ (၂၀၂၀) တွင် ၅၉၅ ဒေါ်လာနှုန်း၊ ပြည်ပပို့ကုန်ရငွေလဲနှုန်း ကျပ် ၁၄၀၀၊ ဆိပ်ကမ်းရောက်တစ်ပိဿာအရင်းဈေး ၁၅၄၃ ကျပ်၊ ဆီထုတ်ယူခွင့်စာရွက် လက်ကားတစ်ပိဿာရောင်းဈေး ၁၅၄၅ ကျပ်ရှိလာသည်။ ၁၅ ရက်အတွင်း ပြည်ပဈေးနှုန်းတက်လာခြင်းနှင့်အတူပြည်တွင်းဈေးနှုန်း တစ်ပိဿာ ကျပ် ၁၀၀ ဝန်းကျင်ဈေးမြင့်လာသည်။ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၀ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၉၅၉၀၀၀၊ ပဲစင်းငုံ (နီ) RCတစ်တန် ကျပ် ၇၈၂၀၀၀ နှုန်းရှိသည်။ ရန်ကုန်ဈေးကွက်အတွင်း မတ်ပဲ RC တစ်တန်ဈေးနှုန်းသည် ကျပ် ၉၆၀၀၀၀ ဝန်းကျင်၊ ပဲစင်းငုံ (နီ) RC တစ်တန်ဈေးနှုန်းသည် ကျပ် ၇၈၀၀၀၀ ဝန်းကျင်တွင် အတက်အကျဈေးနှုန်းပြောင်းလဲမှု အနည်းငယ်သာရှိသည်။

**Source:** http://htwettoe.com/article-details/education/9510421

## COVID-19 အထူးချေးငွေအဖြစ် လယ်တစ်ဧက ကျပ်ငါးသောင်းချေးမည်

တောင်သူလယ်သမား များကို ယခုနှစ်မိုးစပါးရာသီတွင် COVID-19 အထူးချေးငွေအဖြစ် လယ်တစ်ဧကလျှင် ကျပ်ငါးသောင်း ထပ်မံထုတ်ချေးသွားမည်ဟု စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။ လက်ရှိ အထူးချေးငွေကို ဇွန်လမှ စက်တင်ဘာလအထိ ထုတ်ချေးပေးမည်ဖြစ်ပြီး အတိုးနှုန်းမှာ လက်ရှိစိုက်ပျိုးစရိတ် ချေးငွေအတိုးနှုန်း ၅ ရာခိုင်နှုန်းဖြစ်ကြောင်းဖော်ပြထားသည်။ ၂၀၂၀ မိုးစပါးချေးငွေ ရရှိသူများအပြင် အခြားသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိသူများကိုလည်း အထူးချေးငွေထပ်ဆောင်းထုတ်ချေးသွားမည်ဟုဖော်ပြထားသည်။ COVID ကာလအတွင်း အထူးချေးငွေဖြစ်ခြင်းကြောင့် တစ်ကြိမ်သာထုတ်ချေးမည်ဟုလည်း ဖော်ပြထားသည်။

"ချေးငွေထပ်ရတော့ လယ်ယာကဏ္ဍအတွက် ပိုကောင်းတာပေါ့။ လယ်သမားတွေက ကာလတိုချေးငွေထက် ကာလလတ်ချေးငွေမျိုးလိုချင်ကြတယ်" ဟု လယ်သမားဘဝဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။ တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးစရိတ်ကုန်ကျမှု တိုးလာခြင်းကြောင့် အစိုးရချေးငွေ ထပ်မံတိုး ပေးခြင်းက တောင်သူများအတွက် အဆင်ပြေစေသည်ဟု ကျောင်းကုန်းမြို့နယ်မှ လယ်သမားဦးပြုံးကပြောသည်။ ယခုနှစ် မိုးစပါးရာသီတွင် လယ်တစ်ဧကအတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ်တစ်သိန်းခွဲကို ပြီးခဲ့သည့် မေလလယ်ကစတင်ပြီး အစိုးရကထုတ်ချေးခဲ့သည်။ မိုးစပါးစိုက်ဧက ၁၇ သန်းခန့်အတွက် အစိုးရက ကျပ် ဘီလီယံ ၁,၇၀၀ ကျော် ထုတ်ချေးရန်လျာထားသည်။ COVID-19 ရောဂါ ဖြစ်နေချိန်တွင် တောင်သူများလယ်ယာလုပ်ငန်းခွင်တွင် ပိုမိုအာရုံစိုက်နိုင်ရန် မိုးစပါးချေးငွေကို တစ်ဧကကျပ်နှစ်သိန်းအထိ ထုတ်ချေးပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က အစိုးရ ထံ တင်ပြတောင်းဆိုခဲ့သည်။

**Source:** https://7day.news/detail?id=189390

## ရပ်တန့်နေသည့် ခရီးသွားကဏ္ဍအတွက် ကူညီကယ်ဆယ်ရေး အစီအမံသုံးမျိုးဖြင့်မြှင့်တင်မည်

ရပ်တန့်နေသော ခရီးသွားကဏ္ဍအတွက် ကူညီကယ်ဆယ်ရေးအစီအမံသုံးမျိုးဖြင့်မြှင့်တင်ရန် ဝန်ကြီးဌာနက ရေးဆွဲဆောင်ရွက်နေသည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်ကပြောကြားသည်။ ယခုနှစ်အတွက် ဝန်ကြီးဌာနမှ ခရီးသွားဦးရေ ငါးသန်းခန့်ရမည်ဟု မျှော်မှန်းထားသော်လည်း ကိုဗစ်ကြောင့် ခရီးသွားလုပ်ငန်းများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ရပြီး လက်ရှိအခြေအနေကို ဖြေရှင်းရန်ဝန်ကြီးဌာနက ရေးဆွဲထားသည့် အစီအမံများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ဒုဝန်ကြီးကဆိုသည်။ “ဒီလိုခရီးသွားလုပ်ငန်း ရပ်တန့်သွားတာကို ပြန်လည်ကယ် တင်အသက်သွင်းနိုင်ဖို့အတွက် Myanmar Tourism Road Map အနေနဲ့ ဝန်ကြီးဌာနက ရေးဆွဲပြီးဖြစ်ပါတယ်။ အဆင့် (၃) ဆင့်ပါဝင်ပါတယ်”ဟု ဇွန်လ ၁၇ ရက်ကနေပြည်တော်ရှိ ပြန်ကြားရေးဝန် ကြီးဌာနတွင် အစိုးရလေးနှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ၏ မေးမြန်းမှုအပေါ် ၎င်းကပြန်လည် ဖြေကြားခဲ့ခြင်းဖြစ်သည်။

ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်အလက်များကို ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် မြင်းလှည်း၊ ဆိုက်ကားနှင့်ပျံကျဈေးသည်များထံ ပညာရှင်များအသုံးပြုပြီး သွားရောက်ပြီးအသိပညာပေးခြင်း၊ အလုပ်ရပ်နားထားသည့် ဟိုတယ်ဝန်ထမ်းများကို နေ့တွက်ခနှင့်လုပ်ငန်းကျွမ်းကျင်မှု မွမ်းမံဆိုင်ရာသင်တန်းများပေးခြင်း၊ ဒစ်ဂျစ်တယ်ဈေးကွက်စနစ်ဖြင့် ခရီးစဉ်ဒေသများကို နိုင်ငံတကာမှ မေ့လျော့မသွားစေရန် မြှင့်တင်ကြေညာခြင်းများကို ဝန်ကြီးဌာနက ဦးစားပေးဆောင်ရွက်မည်ဟု ဒုဝန်ကြီးကရှင်းပြသည်။ “ပြည်တွင်းခရီးသွားတွေကို တစ်ဆင့်ချင်းတစ်ဆင့်ချင်း ပြန်လည်မြှင့်တင်ပေးဖို့ ဒီလိုစတင်တဲ့အချိန်မှာ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ငွေပေးချေမှုတွေကို SME, MSME ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွေ ဆောင်ရွက်နိုင်အောင် စီစဉ်ပေးဖို့ပါဝင်ပါတယ်”ဟု ဒုဝန်ကြီးကပြောသည်။ ၂၀၁၈ အတွင်း ခရီးသွား ၃ ဒသမ ၅ သန်း၊ ၂၀၁၉ အတွင်း ၄ ဒသမ ၄ သန်းနီးပါးဝင်ရောက်ခဲ့သည်ဟု ဝန်ကြီးဌာန၏ အချက်အလက်များအရသိရသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာအရ ပြီးခဲ့သည့်နှစ်က လာရောက်လည်ပတ်သည့် ခရီးသည်လေးသန်းကျော်မှ ကန်ဒေါ်လာနှစ်ဘီလီယံကျော် သုံးစွဲခဲ့ကြောင်းဖော်ပြထားသည်။

**Source:** https://7day.news/detail?id=189436

## ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းမှ နွေစပါးစိုက်ခင်းများ အထွက်နှုန်းတိုးကာ အောင်မြင်ဖြစ်ထွန်း



ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် အောင်လံမြို့နယ်များရှိ နွေစပါး ဧက ၁၆၀၀ ကျော်အား ရိတ်သိမ်းလျက်ရှိရာ ပျမ်းမျှတစ်ဧကလျှင် တင်း ၁၅၀ ခန့် အထိထွက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး လယ်တော်ကြီးသမဝါယမအသင်းဥက္ကဋ္ဌ ဦးလှမိုး(ခေါ်) ဦးထိုင်းထိုင်းက ပြောသည်။ ယမန်နေ့နံနက်ပိုင်းက ပြည်မြို့နယ် ကန်ကျိုးကျေးရွာအုပ်စု ကျောက်ကွင်းကျေးရွာရှိ နွေစပါးရိတ်သိမ်းနေမှုအပေါ် တောင်သူ ဦးဆလိုင်းဇော်ဝမ်းက “ဒီနှစ်နွေစပါးကိုတော့ အရင်စိုက်နေကျ ရတနာတိုးစပါးမျိုးကို မစိုက်ဘဲ GW11 စပါးမျိုးကို လယ်တော်ကြီး ကနေယူပြီး အရဲစွန့်စိုက်ခဲ့တာပါ။ တစ်ဧက တင်း ၁၅၀ တော့ ထွက်ပါတယ်။ ကောင်းတဲ့အကွက်ဆို ၁၈၀ ထိကိုထွက်ပါတယ်။ အရင်က တင်း ၇၀-၈၀ ရဖို့မနည်းလုပ်ရတာက အခုဆို တင်း ၁၅၀ ရတယ်ဆိုတော့ စွန့်စားရကျိုးနပ်ပါတယ်။ နောက်လည်း GW11 စပါးမျိုးကို နွေစပါးရောမိုးစပါးပါစိုက်ဖို့လုပ်နေပါတယ်” ဟုပြောသည်။

တောင်သူများအနေဖြင့် ယခင်က စပါးစိုက်ပျိုးရာတွင် နွေစပါးမှာတစ်ဧကလျှင် တင်း ၈၀ ခန့်အထိသာ အမြင့်ဆုံးထွက်ရှိပြီး ယခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း လယ်ဧက ၁၆၀၀ ကျော်တွင် စတင် စိုက်ပျိုးသော GW11 High Yield စပါးမျိုးမှာ ပျမ်းမျှတစ်ဧကလျှင် တင်း ၁၅၀ ခန့်အထိ ထွက်ရှိကြောင်းသိရသည်။ “တောင်သူတွေ အဆင်ပြေအောင် ထုတ်ပေးနိုင်ဖို့ ငွေများများရအောင် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးပြီး ဘဏ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ရင်

အခုထက် ပိုပြီးအောင်မြင်အောင် ဆောင်ရွက်နိုင်မှာပါ။ အခု ဧက ၁၆၀၀ ကတော့ အရင်နွေစပါးထက် အထွက်ပိုသလို ဝင်ငွေလည်းနှစ်ဆဖြစ်ခဲ့ပါတယ်”ဟု ဦးလှမိုး(ခေါ်) ဦးထိုင်းထိုင်းကပြောသည်။

GW11 စပါးမျိုးမှာ ဆန်အရည်အသွေးကောင်းမွန်ပြီး ဆန်လုံးသွယ်ကာ အရသာမှာ ကောင်းမွန်ကြောင်းနှင့် ထမင်းချက်ပါက အပျော့မျိုးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း စားသုံးမှုများသော စပါးအမျိုးအစားဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ဆန်ဈေးကွက်သို့ စတင်ထိုးဖောက်လျက်ရှိပြီး ယခု ဧက ၁၆၀၀ ခန့်မှ ထွက်ရှိလာသော ဆန်များကို ဈေးကွက်ဝေစုရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းရှိ တောင်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ထိခိုက်မှုမရှိဘဲ ယခုစပါးရိတ်သိမ်းချိန်တွင် စပါးဈေးမြင့်တက်လာနေသဖြင့် အထွက်လည်းတိုးကာ စပါးဈေးကောင်းရသဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။

**Source:** https://www.facebook.com/TheMirrorDaily

## မိုးကုတ်နှင့် မိုင်းရှူးတွင် လက်လုပ်လက်စား ကျောက်မျက်လုပ်ကွက်များ ချပေးမည်



ဒေသခံပြည်သူလူထုအတွက် လက်လုပ်လက်စား ကျောက်မျက်တူးဖော်ထုတ်လုပ်ခွင့်များခွင့်ပြုလျက်ရှိရာ မိုးကုတ်နှင့်မိုင်းရှူးရတနာနယ်မြေများတွင်လည်း မကြာမီခွင့်ပြုမိန့်ချထားပေးရန် စီစဉ်လျက်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေကပြောသည်။ ''မိုးကုတ်နဲ့ မိုင်းရှူးရတနာ နယ်မြေများမှာလည်း ခွင့်ပြုမိန့်တွေချထားပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်''ဟု ဇွန် ၁၇ ရက်နေ့က နေပြည်တော်တွင်ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၂၀၁၉ခု နှစ်တွင်ပြင်ဆင်ထုတ်ပြန်ခဲ့သည့် သတ္တုတွင်းနည်းဥပဒေအရ အသေးစား လက်လုပ်လက်စားခွင့်ပြုမိန့်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ကွက်ချထားရေး စီစစ်ရေးအဖွဲ့များကသာ ခွင့်ပြုမိန့်ထုတ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် အထက်ပါလုပ်ကွက်များကို မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် ရှမ်းပြည်နယ်အစိုးရတို့က ချထားပေးမည်ဖြစ်သည်။

ကျောက်မျက်ရတနာထွက်ရှိရာ ရတနာနယ်မြေများတွင် ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များကို ခွင့်ပြုလျက်ရှိသကဲ့သို့ ဒေသခံပြည်သူလူထုကိုလည်း လက်လုပ်လက်စားလုပ်ကွက်များခွင့်ပြုခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးရှိ ခန္တီးရတနာနယ်မြေတွင် ၁၀၇ ကွက်၊ ကချင်ပြည်နယ်ရှိ ဖားကန့် ရတနာနယ်မြေတွင် ၆၁ ကွက်တို့အား အစိုးရ၏စတုတ္ထတစ်နှစ်တာအတွင်း ခွင့်ပြုပေးခဲ့ကြောင်းလည်း ဒုတိယဝန်ကြီး၏ပြောကြားချက်အရသိရသည်။ ယနေ့အချိန်ထိ အသေးစားနှင့် လက်လုပ်လက်စားခွင့်ပြုမိန့်စုစုပေါင်း ၁၁၃၇ ခုကို တိုင်း/ပြည်နယ်အစိုးရများက ခွင့်ပြုမိန့်ချပေးခဲ့ပြီးဖြစ်သည်။ အကြီးစားဓာတ်သတ္တုရှာဖွေတိုင်းတာ ထုတ်လုပ်ရေးအနေဖြင့်မူ ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် လုပ်ကွက်၂၀ နှင့် ပြည်တွင်းရင်းနှီး မြှုပ်နှံမှုများအတွက် လုပ်ကွက်၂၅ ကွက် စုစုပေါင်း ၄၅ ကွက်ရှိပြီး စတုတ္ထတစ်နှစ်တာအတွင်း ပြည်ပကုမ္ပဏီများအား လုပ်ကွက် ၆ ကွက်နှင့် ပြည်တွင်းကုမ္ပဏီများအား လုပ်ကွက် ၁၁ ကွက် ချထားပေးခဲ့ခြင်းဖြစ်သည်။

သတ္တုကဏ္ဍအနေဖြင့် ထိုစတုတ္ထတစ်နှစ်တာအတွင်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲစုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ကျပ် ၇၃၈ ဒသမ ၅၇၂ ဘီလီယံလျာထားခဲ့သော်လည်း စုစုပေါင်း ကျပ် ၁၀၂၅ ဒသမ ၆၅၈ ဘီလီယံအထိရရှိခဲ့သောကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၃၈ ဒသမ ၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သည်ဟုဆိုသည်။ နိုင်ငံခြားဝင်ငွေအနေဖြင့်မူ ထိုတစ်နှစ်တာအတွင်း ကျောက်မျက်ရတနာ ရောင်းချပွဲတစ်ပွဲပြုလုပ်နိုင်ခဲ့ပြီး ယူရို ၅၀၆ ဒသမ ၉၁၄ သန်းဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏သဘာဝသယံဇာတအရင်းအမြစ်များနှင့် ကောင်းမွန်သောဂေဟစနစ်များကို အနာဂတ်နိုင်ငံသားများအတွက် အကျိုးအရှိဆုံးအသုံးပြုနိုင်အောင် စီမံအလုပ်ချုပ်လုပ်ကိုင်သွားရန် မျှော်မှန်းဆောင်ရွက်နေသည်ဟု ဒုတိယဝန်ကြီးကပြောသွားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/140452.html

## တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့ခြင်း

အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN) သည် တရုတ်နိုင်ငံ၏ အရေးကြီးသည့် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာသဖြင့် တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်စတင်ကူးစက်ပျံ့နှံ့သည့် အချိန်မှစတင်၍ အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် ဥရောပသမဂ္ဂနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့နှင့် ကုန်သွယ်မှုကျဆင်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ပထမ (၅) လတာကာလအတွင်း အကောက်ခွန်ဌာနမှ ထုတ်ပြန်ခဲ့သည့်အချက်အလက်များအရ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ (၁.၇) ထရီလီယံယွမ်( အမေရိကန်ဒေါ်လာ (၂၄၀) ဘီလီယံ) ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၄.၂) ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ ထိုကဲ့သို့ အာဆီယံနှင့်တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုတိုးတက်လာခဲ့ခြင်းသည် အပြန်အလှန်ကုန်သွယ်မှုဖွံ့ဖြိုးနိုင်မည့် အလားအလာများအား ထင်ဟပ်ပြသနေခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူပူးပေါင်း၍ စက်မှုနှင့်တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ လုံခြုံစိတ်ချရမှုရှိစေရန်နှင့်တည်ငြိမ်မှုရှိစေရန် သက်ဆိုင်ရာဒေသတွင်း လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ စီမံဆောင်ရွက်မှုများအား အပြည့်အဝအသုံးချခြင်းဖြင့် ယခုအနေအထားအား ဆက်လက်တည်ရှိစေလိုကြောင်း၊ အလားတူပင်လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများချဲ့ထွင်နိုင်ရန် ထောက်ပံ့ပေးမှုများ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နှင့်အာဆီယံနိုင်ငံများသည် စီးပွားရေးအရ အပြန်အလှန်မှီခိုလျက်ရှိကြောင်း၊ နှစ်ဖက်စလုံးအနေဖြင့် အကျိုးကျေးဇူးများရရှိခဲ့ကြပြီး ကဏ္ဍစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူပင် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသအရ ဈေးကွက်ဖွင့်လှစ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ပေးခြင်း၊ ကမ္ဘာ့စက်မှုနှင့်တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုများ လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Gao Feng မှ ပြောကြားခဲ့ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် စီးပွားရေးအကျဖက်သို့ ဦးတည်နေချိန်တွင် တရုတ်နိုင်ငံသည် အာဆီယံ၏အဓိကစီးပွားဖက်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ အလားတူပင် အာဆီယံ=နိုင်ငံများအတွက် ကြီးမားသည့်ဈေးကွက်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် စီးပွားရေးကျဆင်းရာမှ ပြန်လည်နလန်ထူလာပြီဖြစ်သဖြင့် အာဆီယံနိုင်ငံများမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ integrated circuits များ၊ ရာဘာ၊ သံသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့်ကြေးနီတို့ကို ပိုမိုဝယ်ယူနိုင်ဖွယ်ရှိကြောင်း စီးပွားရေးလေ့လာသုံးသပ်သူများမှ ပြောကြားခဲ့သည်ဟုသိရှိရပါသည်။

**Source:** https://www.chinadaily.com.cn/a/202006/12/WS5ee2d4a1a310834817252830.html

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (ဘေကျင်း)**

## စင်ကာပူတွင် ကိုဗစ် ၁၉ ကာလအတွင်း စီးပွားရေးနှင့်လူမှုရေးဆောင်ရွက်ချက်များအား အဆင့်လိုက်ဖြေလျှော့ပေးလျက်ရှိရာ ဇွန်လ ၁၉ ရက်နေ့မှစ၍ အဆင့်(၂) သို့ ကူးပြောင်းမည်

ရောဂါကူးစက်မှုထိန်းချုပ်ရေးအစီအမံ Circuit Breaker ကာလကုန်ဆုံးခဲ့သော ဇွန်လ ၁ ရက်နေ့နောက်ပိုင်းတွင် နိုင်ငံအတွင်းရှိ စီးပွားရေးနှင့်လူမှုရေးဆောင်ရွက်ချက်များကို အဆင့်(၃) ဆင့်ဖြင့် တစ်ဆင့်ချင်း ပြန်လည်ဆောင်ရွက်ခွင့်ပြုလျက်ရှိရာ ပထမအဆင့်အဖြစ် ဇွန်လ ၂ ရက်နေ့မှစ၍ ရောဂါကူးစက်နိုင်ခြေမြင့်မားသောလုပ်ငန်းများမှလွဲ၍ စီးပွားရေးလုပ်ငန်း ၇၅ ရာခိုင်နှုန်းခန့်ကို စတင်ဆောင်ရွက်ခွင့်ပြုပေးခဲ့ပါသည်။

ယခုအခါ အလုပ်သမားများနေထိုင်သော အိပ်ဆောင်များတွင် ရောဂါကူးစက်မှုနှုန်း ကျဆင်းလာခြင်းနှင့်အတူ ရောဂါကူးစက်မှုဖြစ်ပွားသောဇစ်မြစ်နေရာအသစ်များ ထပ်မံပေါ်ထွက်လာမှုမရှိခြင်း၊ လက်ရှိပထမအဆင့်ကာလအတွင်း စီးပွားရေးနှင့်လူမှုရေးဆောင်ရွက်ချက်များကို ပိုမိုခွင့်ပြုပေးခဲ့သော်လည်း အများပြည်သူအကြား ရောဂါကူးစက်မှုအခြေအနေသည် တည်ငြိမ်မှုရှိနေခြင်းတို့ကြောင့် ဇွန်လ ၁၈ ရက်နေ့ ည ၁၁:၅၉ နာရီနောက်ပိုင်းမှစ၍ ဒုတိယအဆင့်သို့ ဆက်လက်ကူးပြောင်းရန် ဆုံးဖြတ်ခဲ့ပါကြောင်း ဇွန်လ ၁၅ ရက်နေ့တွင်ပြုလုပ်ခဲ့သည့် သတင်းမီဒီယာရှင်းလင်းပွဲတွင် COVID-19 ဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံလုပ်ငန်းအဖွဲ့က အသိပေး ကြေညာခဲ့ပါသည်။

ထိုသို့ ဒုတိယအဆင့်သို့ ကူးပြောင်းမည့် ဇွန်လ ၁၉ ရက်နေ့မှစ၍ လက်လီအရောင်းဆိုင်များကိုဖွင့်လှစ်ခြင်း၊ စားသောက်ဆိုင်များအနေဖြင့် စားသုံးသူများကို ဆိုင်ထိုင်စားသုံးခွင့်ပြုခြင်း၊ သီချင်းဆိုသင်တန်းနှင့် အသံဆိုင်ရာသင်တန်း များမှ လွဲ၍ ကျူရှင်နှင့်အခြားသောအထောက်အကူပြုသင်တန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ အားကစားရုံများ စသည့် စီးပွားရေးဆောင်ရွက်မှုများကို ခွင့်ပြုသွားမည်ဖြစ်ပါသည်။ သို့ရာတွင် စားသောက်ဆိုင်များသည် စင်တင်တေးဂီတဖျော်ဖြေမှု အစီအစဉ်၊ TV နှင့် Video ပြသခြင်းတို့ကို မပြုလုပ်ရပါ။ ထို့ပြင် ယမကာရောင်းချခြင်းနှင့် ဆိုင်ထိုင်သောက်သုံးစေ ခြင်းကို ည ၁၀:၃၀ နာရီတွင် ရပ်နားရမည်ဖြစ်ပြီး၊ ဆိုင်တွင် လူအုံကျမှုနှင့် ရှည်လျားသောစီတန်းစောင့်ဆိုင်းရမှုများ မဖြစ်ပေါ် စေရေး ဂရုပြုဆောင်ရွက်ရပါမည်။

ဆောင်ရွက်ခွင့်မပြုသေးသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများတွင် လူဦးရေများစွာ ပါဝင်တက်ရောက်ရသော ဆွေးနွေးပွဲ၊ ညီလာခံ၊ ကပွဲ၊ ကုန်စည်ပြပွဲများ စီစဉ်ကျင်းပခြင်းနှင့် ဖျော်ဖြေရေးလုပ်ငန်းများဖြစ်သည့် ဘားများ၊ ညကလပ်များ၊ ကာရာအိုကေ၊ ရုပ်ရှင်ရုံနှင့် ကဇာတ်ရုံများပါဝင်ကြောင်း သိရှိရပါသည်။

**Source: The Business Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေး မေလအတွင်း သိသိသာသာကျဆင်းခဲ့

ကမ္ဘာနှင့်အဝှမ်း ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေမှု၏အကျိုးဆက်အဖြစ် ကမ္ဘာ့စီးပွားရေး ဆက်လက် ထိုင်းမှိုင်း နေသောကြောင့် ဂျပန်နိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မေလတွင် သိသိသာသာ ကျဆင်းခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ဇွန်လ ၁၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် အချက်အလက်များအရ မေလအတွင်း ဂျပန်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၉.၁ ဘီလီယံခန့်ရှိပါကြောင်း၊ ထိုပမာဏသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၏ ကာလတူအချိန်ကထက် ၂၈.၃ % ကျဆင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်း ကာလအပြီး ၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်း အကြီးမားဆုံးကျဆင်းမှုဖြစ်သည်ကိုတွေ့ရပါကြောင်း၊ အမေရိကန်သို့တင်ပို့နေသည့် ပို့ကုန်အနေဖြင့် ၅၀.၆ % ကျဆင်းခဲ့ပါကြောင်း၊ မော်တော်ကားများနှင့် ကားပစ္စည်းအစိတ်အပိုင်းတင်ပို့မှုတွင် ၇၀ % ကျော်ခန့် ကျဆင်းခဲ့ ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ဥရောပသမဂ္ဂ (EU) သို့ တင်ပို့မှုတွင် ၃၃.၈ % ကျဆင်းခဲ့ပြီး မော်တော်ကားများ နှင့် ကားပစ္စည်းအစိတ်အပိုင်း တင်ပို့မှုသည် သိသိသာသာကျဆင်းခဲ့ပါကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့မှုမှာလည်း ၁.၉ % ကျဆင်းခဲ့ပါကြောင်း၊ မေလအတွင်း ဂျပန်နိုင်ငံအတွင်း တင်သွင်းခဲ့သည့် သွင်းကုန်များအနေဖြင့် အမေရိကန်ဒေါ်လာ ၄၆.၉ ဘီလီယံရှိပြီး ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ကထက် ၂၆.၂ % ကျဆင်းခဲ့ပြီး ထိုကျဆင်းမှုသည် ၂၀၀၉ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အကြီးမားဆုံးကျဆင်းမှုဖြစ်ပါ ကြောင်း၊ အမေရိကန်နှင့်ဥရောပဒေသမှ လေယာဉ်၌တပ်ဆင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းအစိတ်အပိုင်းများ တင်သွင်းမှု မရှိ၍ သွင်းကုန်အပိုင်းကျဆင်းမှုကို ပိုမိုသိသာစေခဲ့ခြင်းဖြစ်သည့်အတွက် မေလအတွင်း ကုန်သွယ်ရေးစာရင်း လက်ကျန်ရှင်းတမ်း သည် အမေရိကန်ဒေါ်လာ ၇.၈ ဘီလီယံ ခန့်အထိ လိုငွေပြနေခြင်းဖြစ်ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ဂျပန်နှင့်ဗြိတိန်တို့အကြား Brexit အလွန်ကာလအတွက် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရန် စတင်ဆွေးနွေးခဲ့

ဂျပန်အစိုးရနှင့် ဗြိတိန်အစိုးရများအကြား ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ပြီးနောက်ပိုင်း ကုန်သွယ်ရေးသဘော တူညီချက်အသစ်များ ညှိနှိုင်းဆွေးနွေးရေး စတင်ဆွေးနွေးခဲ့ကြပါသည်။ နှစ်နိုင်ငံစလုံးအနေဖြင့် ယခုနှစ်အကုန်တွင် အကျိုး သက်ရောက်မှုရှိမည့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက်ကို လာမည့်နွေရာသီခန့်တွင် စတင်အကောင်အထည် ဖော်ရန် မျှော်လင့်နေကြပါသည်။ အဓိကရည်မှန်းချက်မှာ ဂျပန်မှဗြိတိန်သို့တင်ပို့သည့် မော်တော်ကားနှင့် ၎င်းနှင့်ဆက်စပ် ပစ္စည်းများအတွက် အကောက်ခွန်နှုန်းဆိုင်ရာကိစ္စနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုပိုင်း သဘောတူညီချက်ကို ဦးစားပေးဆောင်ရွက် ရန်ဖြစ်ပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Toshimitsu Motegi နှင့် ဗြိတိန်နိုင်ငံ၊ နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ အတွင်းဝန်ဖြစ်သူ Ms. Liz Truss တို့သည် အင်တာနက်မှတစ်ဆင့် ဆွေးနွေး ခဲ့ကြပြီး ယခုအကောင်အထည်ဖော်ရန်ပြင်ဆင်နေသည့် သဘောတူညီချက်သည် ဗြိတိန်နှင့် ဂျပန် နှစ်နိုင်ငံအကြား ကုန်သွယ်ဆက်ဆံမှုကို ထပ်မံချဲ့ထွင်မည့်ကိစ္စရပ်ဖြစ်ပါကြောင်း Ms. Liz Truss က ပြောကြားခဲ့ပါသည်။ Mr. Toshimitsu Motegi ကလည်း အဆိုပါသဘောတူညီချက်သည် နှစ်နိုင်ငံအကြား ကိုရိုနာကပ်ဘေးအလွန်ကာလအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုစေမည့်အချက်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

ဂျပန်နှင့် ဥရောပသမဂ္ဂအကြား လက်မှတ်ရေးထိုးထားသည့် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (EPA) ကို ဂျပန်နှင့်ဗြိတိန်တို့အကြား နှစ်နိုင်ငံကုန်သွယ်ရေးတွင် ကျင့်သုံးဆောင်ရွက်နေကြပါသည်။ ယခု နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက်ကိုလည်း လာမည့်ဒီဇင်ဘာလကုန်ခန့်တွင် လက်မှတ်ရေးထိုးနိုင်ရန် ဂျပန်အစိုးရက လွှတ်တော်သို့ တင်ပြခွင့်ပြုချက်ရယူရေး ပြင်ဆင်ဆောင်ရွက်နေပါသည်။

ဂျပန်နိုင်ငံမှ ဗြိတိန်နိုင်ငံသို့ နှစ်စဉ်ပို့ကုန်တင်ပို့မှုမှာ ယန်း ၁.၅ ထလီရီယံ (အမေရိကန် ဒေါ်လာ ၁၄ ဘီလီယံ) ခန့်ရှိပြီး ဥရောပဒေသအတွင်း ဂျာမနီပြီးနောက် ဒုတိယမြောက်ပို့ကုန် တင်ပို့မှုအများဆုံးနိုင်ငံဖြစ်ပါသည်။ အဓိကပို့ကုန်မှာ မော်တော်ကားနှင့် မော်တော်ကား ဆက်စပ်ပစ္စည်းများ ဖြစ်ကြပါသည်။

ဂျပန်နှင့် ဥရောပသမဂ္ဂအကြား လက်မှတ်ရေးထိုးထားသည့် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (EPA) အရ ဂျပန်၏ ခရီးသည်တင်မော်တော်ကားများ ဗြိတိန်သို့တင်ပို့မှုတွင် အကောက်ခွန်နှုန်း ၇.၅ % သို့ လျှော့ချခဲ့ပြီး အကယ်၍ ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂမှနှုတ်ထွက်ခြင်းမပြုပါက အဆိုပါ (EPA) အရ စာချုပ်သက်ဝင်ပြီး ၈ နှစ်မြောက်အချိန်တွင် အကောက်ခွန်နှုန်းသည် သုည (၀ %) အဖြစ်ရောက်ရှိမည်ဖြစ်ပါသည်။ ထို့အပြင် နှစ်နိုင်ငံအကြား သတင်းအချက်အလက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ ဒစ်ဂျစ်တယ်နည်းပညာနှင့်ဒေတာအချက်အလက်ဆိုင်ရာ သဘောတူညီချက်ကို နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေး လမ်းစဖော်ထုတ်ရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်နည်းပညာအတွက် စည်းမျဉ်းများ လွယ်ကူချောမွေ့စေရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။ ဗြိတိန်အနေဖြင့် ဂျပန်အပါအဝင် လက်ရှိ ၁၁ နိုင်ငံဖြင့်ဖွဲ့စည်းထားသည့် ပစိဖိတ်ဖြတ်ကျော်နိုင်ငံများ ကုန်သွယ်ရေးအဖွဲ့ (TPP) တွင် ပူးပေါင်းပါဝင်ရေးကိုလည်းစိတ်ပါဝင်စားပါကြောင်း၊ ဂျပန်ဘက်မှလည်း (TPP) အဖွဲ့တွင် ဗြိတိန်ပါဝင်လာပြီး ပိုမိုတက်ကြွစွာ လှုပ်ရှားဆောင်ရွက်ရန် မျှော်လင့်နေပါကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (19.6.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Jun. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 11,000 | 11,000 | 10,500 | 1,682 | 18,501,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 2,450 | 9,337,500 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +200 | +2.47% | 8,300 | 8,300 | 8,300 | 1 | 8,300 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 1 | 23,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,850 | 2,850 | 2,800 | 3,001 | 8,402,850 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 830 | 2,241,000 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 448.66 | -6.41 | -1.41% | 456.90 | 457.77 | 448.66 | 7,965 | 38,514,150 | 6 | 667,590 |

### Index chart




# Market Overview

As of 1:00 pm, 19th Jun. 2020

| MYANPIX | 448.66 ▼ 6.41 |
|---|---|
| Total Volume (shares) | 7,965 |
| Total Value (MMK) | 39 mil |
| Listed Company | 6 |
| Market Cap. (MMK) | 667,590 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |